# ဇူလိုင်မျက်ရည် ၊ တန်ဆောင် ဇာတိ




ထိုနေ့၌ပင် ၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း ၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ ၊ ကြွေလိုက်ရ၏
မြေခသတင်း ၊ မိုးကြိုးခွင်းသို့
အိမ်တွင်းအိမ်ပြင် ၊ တို့လမ်းခွင်၌
မချင့်မရဲ ၊ ဝမ်းနဲခံခက်
မျက်စိမျက်နှာ ၊ ညှိုးကြရှာသည်
ရွာဦးပိုင်းမှ ၊ သချိုင်းထိ။ ။ (ဇော်ဂျီ)

ဒီအချိန်ဆိုရင် အမိမြန်မာပြည်မှာ ဂျူလိုင်မိုးဟာ အညိုးနဲ့ ရွာနေမလားပါ။ ဂျူလိုင်မိုးစက်တွေနဲ့အပြိုင် နှလုံးသားမှာ မြစ်ဖျားခံပြီး ပါးပြင်ကတဆင့် သွယ်ကျလာတဲ့ မျက်ရေမိုးစက်တွေဆိုတာလဲ ရောဝတီ၊ သံလွင်၊ ချင်းတွင်းတို့နဲ့အပြိုင် စီးဆင်းနေမှာပါ။

နှစ်ပေါင်း ငါးဆယ်ကျော်ကာလအတွင်း အမိတွေရဲ့ ပါးပြင်၊ ဖခင်တွေရဲ့ မျက်ဝန်း၊ ညီအကိုမောင်နှမတွေရဲ့ နှလုံးသားကနေ နက်နက်ရှိုင်းရှိုင်း စီသွယ်ကျခဲ့လေတဲ့ မျက်ရေမိုးပေါက်တွေလည်း အညိုးကြီးစွာနဲ့ရွာသွန်းလေတဲ့ ဂျူလိုင်မိုးစက် အရေအတွက်ထက် နည်းလှမယ် မဟုတ်ပါဘူး။ ဖွဲ့ရုံမက သဲလှတဲ့မိုးညများမှာ စွန့်လွှတ်ခဲ့ရတဲ့ ချစ်သူတို့အတွက် သွန်းဖြာကျရတဲ့ ဘယ်သောအခါမှာမှ မပြယ်ပျက်နိုင်လေမည့် သွေးရည်လွှမ်းရက် မျက်ရည်မိုးစက်တွေဟာလည်း ချင်းတွင်းကိုဖြတ်၊ သံလွင်ကိုကျော်၊ ရောအပေါ်ဖုံးလွှမ်းပြီး အမိမြန်ပြည်တစ်လွှား ရစ်နွှယ်စီးဆင်းနေတော့မှာပါ။ လွမ်းတမ်းတရတဲ့ ညတွေကြားက စူးနစ်ကြေကွဲစွာ ပေါ်ပေါက်လာတတ်တဲ့ တက်ခေါက်သံတွေ၊ နာကျင်နက်ရှိုင်းစွာ အံကြိတ်ငိုရှိုက်နေသူတွေလည်း ဒုနဲ့ဒေးရှိနေမှာ မလွဲပါဘူး။

ဒီဂျူလိုင်ပေ့ါ . . အမေက သူချစ်တဲ့သားသမီးတွေကို တခဲ့ရတဲ့ည၊ သားသမီးတွေက အဖေကို မျှော်ခဲ့ရတဲ့ ည၊ ညီအကိုမောင်နှမရင်းတွေက မိသားစုထဲက ခွဲခွါသွားတဲ့ တစ်အူတုံဆင်း ညီအကိုမောင်ရင်းနှမတွေကို မျှော်လွမ်းတမ်းတ ကြေကွဲရတဲ့ ည၊ အမုန်းမြူတိမ်ကင်းပေမယ့် တစ်နယ်ရွာစီ ခွဲခွါခဲ့ရတဲ့ ချစ်သူနှစ်ဦးတို့ရဲ့ကွေကွင်း ည၊ နင်းချေလို့ကြေခွဲခဲ့ရရှာလေတဲ့ ဖူးငုံစပန်းပေါင်းစုံတို့ရဲ့ နာကျင်ကြေကွဲဖွယ် ဘဝဇာတ်လမ်းတွေကိုလည်း ဒီဂျူလိုင်ရဲ့မှတ်တမ်းထဲမှာ ရေးထိုးလို့ ထားခဲ့ပေ့ါ။

၁၉၄၇ ပြောင်းကြွ တမလွန်၊ မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုး၊ ဇူလိုင် တစ်ဆယ့်ကိုး တဲ့၊ ဒီဂျူလိုင်မှာပဲ အမိမြေဟာ သားကောင်းတစ်ယောက်ကို စွန့်လွှတ်ခဲ့ရတယ်၊ ငိုကြွေးရှိုက်ငင် ကြမ္မာဝင်ဖို့ စခဲ့တယ်၊ ဝမ်းနည်းခံခက် မျက်ရည်စက်တို့ မြေအပြင်မှာ ကြွေစဉ်ခဲ့ရတယ်၊ သည်းခိုက်ဘဝင် ဖြေမရှင်ပဲ ပင်ပမ်းတမ်းတ နွမ်းလျဖို့ အလွမ်းညကို စခဲ့တယ်၊ အမိုက်မှောင်ဖုံး ပျက်ပျက်ပြုန်းဖို့ တုံးရုံးပြတ်ကြွေ အာဇာနည်တွေသေခဲ့တယ်။ မမေ့နိုင်တဲ့ဂျူလိုင်၊ မမေ့သင့်တဲ့ဂျူလိုင်၊ ဟုတ်တယ်၊ ဆဲဗင်း ဂျူလိုင် မမေ့နိုင်၊ ဂျူလိုင်ဆယ့်ကိုး မျက်ရည်မိုး၊ ဒို့နိုင်ငံရဲ့သမိုင်းမှာ ထာဝရမော်ကွန်းထိုးရမည့်လ၊ ဒီလ ဂျူလိုင်ရယ်ပေ့ါ။

၁၉၄၇ ခုနှစ်၊ ကျနော်ဆိုတဲ့ လူသားသတ္တဝါတစ်ယောက် လူ့ပြည်ကို မရောက်ခဲ့သေးပါဘူး၊ ဒါပေမယ့် မမွေးခင်ကကိုပဲ ကျနော့်မှာ ကြွေးရှင်ကရှိနေခဲ့ပါပြီ၊ ဟုတ်ပါတယ်၊ ကျနော့်အပေါ်မှာ ကြွေးတစ်ခုဟာ အရံသင့် ထင်ကျန်နေနှင့်ခဲ့ပါပြီ၊ တိုင်းတစ်ပါးသားလက်အောက်မှာ ကျွန်သဘောက်တစ်ယောက်အနေနဲ့ မမွေးဖွားရလေအောင် အသက်ပေးပြီး လွတ်လပ်ရေးကြိုးပမ်းခဲ့သူတွေအတွက် ကျနော်တို့မှာ တုန့်ပြန်ပေးဆပ်ရမည့် အကြွေးဟာ တင်ရှိလို့နေခဲ့ပါပြီ။ ဒီကြွေးကတော့ အင်္ဂလိပ်လက်အောက်က လွတ်လပ်ပြီးနောက် အမိဗမာပြည်မှာနေ အမိရေကိုသောက် အမိမြေမှာလူလားမြောက်ရတဲ့ ကျနော်လို လူသားတစ်ယောက်အတွက် မလွဲမသွေပေးကို ပေးဆပ်ရမည့်ကြွေးပါ၊ သူတောင်းလို့ကိုယ်ပေးရတဲ့သဘောမဟုတ်ပဲ စွန့်လွှတ်စွန့်စားစိတ်နဲ့ပေးခဲ့တဲ့သူတွေအတွက် အသိဥာဏ်ရင်းတဲ့နှစ်လုံးသားနဲ့ ပေးဆပ်ရမည့် ဝတ္တရားမဆန်တဲ့ တုန့်လှည့်မေတ္တာ စေတနာကြွေးတွေပါ။

(၂)

ကျနော်ငယ်စဉ်က ဗိုလ်ချုပ်အကြောင်းတွေကို စာပေများကတဆင့်ဖတ်မှတ်ရလို့ အကြည်ညိုပိုခဲ့ပါတယ်။ နောက်ပြီး ကျနော်တို့ငယ်စဉ်က အာဇာနည်နေ့နီးတိုင်း မြန်မာ့အသံ ရေဒီယိုကနေကြားရတတ်တဲ့ ဗိုလ်ချုပ်ရဲ့အသံကိုလဲ နားထဲမှာ စွဲထင်နေမိပါတယ်၊ ထိမိတဲ့အသုံးအနှုန်း၊ ရှင်းလင်းပြတ်သားတဲ့ အဆိုအမိန့်၊ ရိုးသားတဲ့ဗိုလ်ချုပ်ရဲ့စကားသံတွေဟာ ကျနော်တို့အတွက် ထာဝရနာခံမှတ်သား လိုက်နာကျင့်သုံးနေရမည့် လမ်းညွှန်ချက်တွေသာဖြစ်တယ်၊ ဗိုလ်ချုပ်ရဲ့ စကားမိန့်ခွန်းတွေကို အာဇာနည်နေ့နီးကပ်မှ မဟုတ်ပဲ အခါအခွင့်သင့်တိုင်း ကျနော်တို့လို လူငယ်များနားမှာ ကြားနေသင့်အောင် ဖန်တီးပေးသင့်တယ် ၊ ဗိုလ်ချုပ်လို ရိုးသားကြိုးစား ကိုယ်ကျိုးစွန့်အနစ်နာခံသူတွေရဲ့ သဘောထားတွေ လုပ်ဆောင်ချက်တွေဟာ ကျနော်တို့အတွက် စံနမူနာကောင်းတွေ ဖြစ်နေသင့်တယ်၊

သို့ပေမယ့် ကံဆိုးလှစွာ ကျနော်တို့မှာက အတ္တကြီးသူတွေ၊ ကိုယ်ကျိုးရှာအချောင်သမားတွေ၊ အာဏာရူးတွေ၊ လူရမ်းကားတွေ၊ အလုပ်နည်းနည်း အပြောများများ၊ အကျင့်ပျက်လာဘ်စား မတရားကြီးပွားနေတဲ့ သူယုတ်မာတွေရဲ့ မြင်မကောင်းတဲ့ အသွင်အပြင်တွေကိုသာ မုန်းတီးနာကျည်းစွာ တွေ့မြင်ခွင့်ရနေတယ်၊ မကြည့်ချင်လို့ မရ၊ ကြည့်ပြန်တော့ မလှ၊ သုညတွေလို လူတွေရဲ့ အပိုင်းအစတွေက ကျနော်တို့ပြည်မှာ ခွေးလှေးပျားတောအန့်လို့ ဆိုရလောက်အောင် များပြားလွန်းလှတယ်။

ဒီလူတွေကိုပဲ နမူနာယူစရာအလားတွေ့နေရတဲ့ ကျနော်တို့အနေနဲ့ကော ကိုယ့်ရဲ့အနာဂတ်အတွက် ဘာကိုစံပြု၊ ဘာကို တုလို့ ဘာအမှုတွေကို ပြုလုပ်ကြရမှာလဲ၊ ပညာရေးက ကမောက်ကမ၊ စီးပွားရေးက ဘရုတ်သုတ်ခ၊ ကျန်းမာရေးက အဆိုးဆုံးအခြေပြ၊နိုင်ငံရေးမှာ အယုတ်တမတွေ အုပ်ချုပ်နေကြလေတဲ့ ဒီခေတ်မှာ လူဖြစ်ခွင့်ကြုံရတဲ့ ကိုယ့်ကြမ္မာ

ကိုပဲ ကျိန်ဆဲရမှာပါလား။ ပိုးထိုးလောက်ကိုက် အမှိုက်သရိုက်တွေနဲ့ ပြည့်နှက်ကပ်ငြိနေတဲ့ လွတ်လပ်ရေးအသီးအပွင့်ကို အမှိုက်ကိုရှင်း လောက်ကောင်တွေကင်းသွားအောင် မသုတ်သင်နိုင်တဲ့ ကျနော်တို့ရဲ့ ညံ့ဖျင်းမှုကိုပဲ အပြစ်တင်ရမှာပါလား။ ကိုယ်လိုချင်တဲ့အရာကို ကိုယ်ကိုယ်တိုင်ရဖို့ ပါဝင်အားမထုတ်ပဲ တစ်ဦးတစ်ယောက်က ပေးလာလိမ့်နိုး မျှော်လင့်ကိုးနဲ့ ရှေးရိုးသူရဲကောင်းမျှော်ဝါဒကိုပဲ လက်ကိုင်စွဲပြီး ပျင်းကြောဆွဲ ဖျင်းကြောဆွဲကာ နေနေကြဦးမှာလား။

ကျနော်တို့တတွေ ကိုယ့်တိုင်းကိုယ့်ပြည်ကို ချစ်ကြတယ်၊ ဘယ်လိုပုံစံနဲ့ချစ်ကြတာလဲ၊ ကိုယ့်ပြည်သူပြည်သားတွေ ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံနေရတာကို အော် သနားစရာပဲဆိုပြီး စုတ်သတ်နေရုံလောက်ပဲ ချစ်ကြတာပါလား၊ နောက်ပြီးဘယ်နိုင်ငံကတော့ ဘယ်လိုတိုးတက်နေတယ်၊ တို့နိုင်ငံကတော့ ဘယ်လိုပဲဆိုပြီး သူတစ်ပါး တိုးတက်မှုတွေကို အားကျ၊ ကိုယ့်တိုင်းပြည်ရဲ့ အောက်ကျနောက်ကျဖြစ်မှုကို ဝေဖန် အပြစ်တင်ပြရုံနဲ့ကော လုံလောက်ပါ့မလား၊ ဒီလောက်ဆိုရုံမျှနဲ့တော့ ကျနော်တို့ရဲ့ တိုင်းပြည်ချစ်စိတ်ဆိုတာ ဘာမှတန်ဖိုးရှိလှမယ် မဟုတ်ပေဘူး။ ဒီလောက်နဲ့ကော ကျနော်တို့တာဝန်ကျေပြီလို့ ဆိုနိုင်ပါ့မလား၊ ကျနော်တို့တတွေ ကိုယ့်ကိုယ်ကိုယ် ပြန်လည်မေးရမည့်မေးခွန်းတွေ များလှပါတယ်။

**Politic** နဲ့ပတ်သက်တဲ့ အသုံးနှုန်းတစ်ခုရှိပါတယ်၊ အဲဒါကတော့ **Free rider** ဆိုတဲ့ စကားတစ်ခွန်းပါ၊ အဓိပ္ပါယ်က အကျိုးအမြတ်ထွက်ပေါ်လာတဲ့အခါမှာ အဲဒီအကျိုးအမြတ်ကို အတူတကွမျှဝေခံစားပြီး အဲဒီအကျိုးအမြတ်ကို ရရှိအောင်အားထုတ်ချိန်မှာတော့ ဘာတစ်ခုမှ ပါဝင်အားထုတ်မှုမရှိဘဲနေတဲ့သူမျိုးကို သုံးတဲ့အသုံးအနှုန်းပါ၊ အချောင်စီးသူ တစ်နည်းပြောရရင် အချောင်သမားလို့ဆိုလိုတာပါ။ ကျနော်တို့တတွေ အချောင်သမားတွေဖြစ်နေပါသလား၊ ကိုယ့်တိုင်းကိုယ့်ပြည် ဆင်းရဲမွဲတေဒဏ်ကလွတ်မြောက်ဖို့၊ အာဏာရှင်တွေ ကြီးစိုးမှုအောက်က လွတ်မြောက်ဖို့ ဘဝတွေပျက် အသက်သွေးချွေးတွေပေးပြီး သူများတွေအားထုတ်လုပ်ကိုင်နေတာကို ကိုယ်နဲ့ဘာမှမဆိုင်သလို ဘေးထိုင်လက်ပိုက် ကြည့်နေသင့်ပါသလား စဉ်းစားကြရမှာပါ။

ဆီးဘန်နီဆရာတော်ကြီးကတော့

သိဃ်တန်ဆောင် ဘုန်းတော်မှောင်၍
ကုန်းဘောင်ဆီမီး မထိန်ညီးသား
ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုည
သုဉ်း သုံးဝဖြင့် သုဉ်းရပြန်လစ်
သုဉ်ညခေတ်ဝယ်
ဖြစ်လာရလေ တို့တတွေသည်
သေသော်မတည် ဩော် ကောင်း၏ လို့ ကျွန်ခေတ်မှာ လူဖြစ်ရတဲ့ သူ့ဖြစ်အင်ကို နာကျင်စွာ စာဖွဲ့သီခဲ့ပါတယ်။

ထီမသုဉ်း နန်းမသုဉ်းပေမယ့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တွေ တုန်းသွားအောင် ဖန်တီးသူတွေ မင်းမူနေတဲ့ ဒီလိုခေတ်ပျက်မျိုးကိုတော့ ဘယ်လိုများ ဖွဲ့သီပါ့မလဲလို့ လျှောက်ထားကြည့်ချင်ပါဘိတော့တယ်။ ဗိုလ်ချုပ်တို့လိုသူရဲကောင်းတွေက သူတစ်ပါးကျွန်အဖြစ်က လွတ်မြောက်အောင် အားထုတ်ခဲ့ကြတယ်၊ ဗိုလ်ချုပ်တို့လိုခေါင်းဆောင်တွေ မျှော်မှန်းခဲ့တာနဲ့ ဆန့်ကျင်စွာ ကိုယ့်လူမျိုးအချင်းချင်း စိုးမိုးအနိုင်ယူမှုကြောင့် ကျွန်အောက်နိမ့်တဲ့ ဘဝမျိုးနဲ့ မနေနိုင်၊ မနေလိုတဲ့ သူများက ခုများမှာတော့ ကိုယ့်ပြည်ကိုယ့်ရွာကိုစွန့်ခွါ ကိုယ့်သိက္ခာကို ခဝါချပြီး တိုင်းတပါးမှာ အခြေအနေအရ နေထိုင်ကြရတယ်၊ အိမ်နီးနားက တိုင်းတပါးမှာ ကိုယ့်တိုင်းသား ပြည်သူတွေ ကျွန်ရဲ့ကျွန်ဖြစ်နေကြရတယ်၊ ဒါတွေကိုပဲ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် ဦးဆောင်လုပ်ကိုင်နေကြပါတယ်လို့ဆိုရင်တော့ အဲဒီ မသိဆိုးရွားအမိုက်လူသားတွေအတွက် ထိုက်တန်တဲ့ ဝဖန်စရာစကားလုံး ရှာလို့ရနိုင်မယ် မဟုတ်ပေဘူးပေါ့။

သိဃ်ောတန်ဆောင် စစ်ဘုန်းတော်ရောင် မမှောင်ပေမယ့် တိုင်းတစ်ပါးနိုင်ငံတွေမှာ ကျွန်ဖြစ်ယုံမက ဘဝနွံပါနစ်ကြရှာတဲ့ နှမငယ်အရွယ် မိန်းကလေးငယ်တွေရဲ့အကြောင်းတွေကို ကြားရတိုင်း ယူကျုံးမရဖြစ်ရတယ်၊ နာကျင်ဒေါသလည်း ဖြစ်ရတယ်၊ ကိုယ့်တိုင်းသားပြည်သူတွေအပေါ် တိုင်းတစ်ပါးသားတွေရဲ့ အနိုင်ကျင့်ကြ၊ အမြတ်ထုတ်ကြတာကို ကြားရတိုင်း ခံပြင်းစိတ်ဖြစ်ရတယ်၊ ဘာကြောင့် ခုလိုကိုယ့်ပြည်သူပြည်သားတွေ အောက်ကျနောက်ကျ လူလုံးမလှ ဖြစ်ကြရတာလဲ၊ ဒီလိုအဖြစ် ဆိုးတွေရဲ့လက်သည်တရားခံက ဘယ်သူတွေလဲ၊ ဒါအတွက်အဖြေကတော့ ရှင်းပါတယ်၊ ကျနော်တို့ တိုင်းပြည်ကို လက်နက်အားကိုး စိုးမိုးဗိုလ်ကျခဲ့တဲ့ အဆက်ဆက်သော စစ်ဗိုလ်ဆိုးတွေပဲဖြစ်တယ်၊ ကျနော်တို့အနေနဲ့ ပြဿနာရဲ့ အရင်းအမြစ်ကို မနှုတ်မရှင်းနိုင်သေးသမျှ ဘယ်တော့မှ ကျွန်ဘဝက လွတ်မြောက်နိုင်မယ် မဟုတ်ပါဘူး၊ သူတစ်ပါး ကျွန်ကနေ ကိုယ့်သွေးသားအချင်းချင်းရဲ့ စစ်သားကျွန်ဖြစ်သွားရတာပဲ ကွာမယ်၊ ဘဝတွေကောင်းဖို့တော့ လမ်း ဘယ်မမြင်နိုင်တယ် ဖြစ်နေဦးမှာပါပဲ။

ကျနော်တို့အဖိုးအဖွား၊ အဖေအမေတွေက အမျိုးသားရေးစိတ်ဓာတ်နဲ့ နယ်ချဲ့လက်အောက်က လွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့တယ်။ မြေးသားတွေဖြစ်တဲ့ ကျနော်တို့အနေနဲ့ရော ဘာကြောင့် စစ်ကျွန်ဘဝက လွတ်မြောက်အောင် မရုန်းထွက်နိုင်ပဲရှိရမှာလဲ။ ကျနော်တို့စိတ်ဓာတ်တွေကို ပိုမိုတိုးမြှင့်ဖို့ အမှန်ကိုပဲလိုနေပြီဖြစ်တယ်။ စိတ်ဓာတ်ခွန်အားတွေနဲ့အတူ ပေးဆပ်သင့်တဲ့အရာတွေကို ပေးဆပ်ဖို့လည်း လိုပေလိမ့်ဦးမယ်။ ဒါဟာ ကျနော်တို့အသီးသီးတွေရဲ့ ဘဝတွေလည်းပဲ ဖြစ်နိုင်တယ်။ ဒီအတွက် တစ်ခါတရံမှာ လူပင်သေသော်ငြား ထာဝရရှင်သန်နေတဲ့ ဘဝပိုင်ရှင်တွေ ဆိုတာလည်း ပေါ်လာတတ်လေ့ရှိတယ်။

ဒီလိုမှ မဟုတ်လျှင်တော့ ကျနော်တို့မှာ ဟိုလူက ဟိုစကားလေးပြောလိုက် ဒီလူက ဒီစကားလေးဝင်ပြောလိုက်နဲ့ အဲဒီစကားလေးတွေကိုပဲ မျှော်လင့်ချက်တစ်ခုအနေနဲ့ ကျေနပ်နေကြရတဲ့ အနေမျိုးနဲ့ ထာဝရ နေထိုင်သွားရလိမ့်မယ်။ ကျနော်တို့ကိုယ်တိုင် အားထုတ်လုပ်ကိုင်ပါမှ ရလာနိုင်မည်လို့ နှုတ်က တဖွဖွရွတ်ဆိုနေကြပေမယ့် အနစ်နာခံ ပါဝင် လုပ်ကိုင်သူဆိုတာက အရေအတွက်အားဖြင့် အလွန့်အလွန် နည်းပါးနေပါသေးတယ်။

ကျနော်တို့အဖေအမေ အဖိုးအဖွားတွေက သူတို့လိုအင်ဆန္ဒပြည့်အောင်ဖြည့်ဖို့ သူတို့အသက်သွေးချွေးတွေကို စတေးပေးဆပ်ခဲ့ကြတယ်၊ ဆောင်းဦးအစရဲ့ ဟောဒီတန်ဆောင်မုန်းလမှာ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ ဇာတိမာန်ကို ပြခဲ့ကြတယ်၊ အမျိုးသားရေးအောင်လံကို အမြင့်မားဆုံးအထိ စိုက်ထူခဲ့ ကတယ်။ ဒီအချိန်မှာ ကျနော်တို့ အလှည့် ရောက်လာပြီ၊ ကျနော်တို့တာဝန်ဖြစ်လာပြီ၊ ကျနော်တို့ အသီးသီးမှာလည်း တူညီတဲ့လိုအင်ဆန္ဒတွေ ရှိနေကြပြီ။ ကျနော်တို့ဆန္ဒပြည့်ဝအောင် ဖြည့်ဆည်းဖို့ တကယ်တမ်းသာ လိုလိုလားလား ရှိကြမယ်ဆိုရင် ကျနော်တို့လိုချင်တဲ့ အရာကိုရဖို့ရာ ခုလောက်ထိအောင် အချိန်များစွာ စောင့်နေဖို့တောင် လိုမယ် မဟုတ်ပါဘူး။ ။

ဉာဏ်ဦးမောင်